**အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ**

**လယ်ဒိုကော်ဆာ**

**စစ်ကောင်စီတပ်၏၂၀၂၅ခုနှစ်ဇန်နဝါရီလမှဖေဖော်ဝါရီလအထိလူ့အခွင့်အရေးချိုးဖောက်မှုအပေါ်**

**လယ်ဒိုကော်ဆာအရေးအပေါ်ကူညီကယ်ဆယ်ရေးကော်မတီ၏သတင်းထုတ်ပြန်ချက်**

**နေ့စွဲ-၅/၃/၂၀၂၅**

(၁) မိမိတို့လယ်ဒိုကော်ဆာအရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် မိမိတို့ဒေသအတွင်းရှိပြည်သူလူထုများနှင့်အတူ ရပ်တည်လျက်ရှိပြီး ပြည်သူလူထုများလူမှုဘဝလိုအပ်ချက်များကို တတ်စွမ်းသည့်ဖက်မှ အမြဲတစေ ရပ်တည်ဆောင်ရွက်လျက် ရှိသည်။

(၂) စစ်ကောင်စီတပ်မှနိုင်ငံတော်အာဏာကို မတရားသိမ်းယူပြီးနောက် မိမိတို့ဒေသအတွင်းရှိကျေးရွာများသည် စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုးခြင်း၊ ဂျက်လေယာဉ်၊ ဒရုန်း၊ လက်နက်ကြီးမျိုးစုံဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူလူထုများအပေါ် မတရားငွေကြေး ကောက်ယူခြင်း၊ လူ့ယူခြင်း၊ ပြည်ပိုင်ပစ္စည်းများမတရားသိမ်းယူခြင်း၊ ဖမ်းစီးခြင်း၊ ထောင်ချခြင်း၊ မတရားစစ်မှု ထမ်းစေခြင်း၊ ကျေးရွာများအားမီးရှို့ခြင်း အစရှိသော လူ့အခွင့်အရေး ချိုးဖောက်မှု၏နည်းမျိုးစုံပြုလုပ်ခြင်းများခံစားနေရ ပါသည်။

(၃) လယ်ဒိုကော်ဆာ၌ ၂၀၂၅ခုနှစ် အတွင်း စစ်ကောင်စီတပ်မှလေယာဉ်ဖြင့်ပစ်ခတ်မှု(၃)ကြိမ်လက်နက်ကြီး ပစ်ခတ်မှု (၁၁၀)ကြိမ် ဒရုန်းပစ်ခတ်မှု(၁၉)ကြိမ် ထိုပစ်ခတ်မှုကြောင့် ပစ်မဲ့ပြည်သူ(၄)ဦး လက်နက်ကြီးထိမှန် သေဆုံးပြီး ၊ (၂၂)ဦး ထိခိုက်ဒဏ်ရာရ ရှိခဲ့ရကာ လူနေအိမ် (၃၅)လုံး ဘာသာရေးကျောင်း (၂)လုံး စာသင်ကျောင်း (၃) ကျောင်း အိမ်မွေးတိရိစ္ဆာန်(၆) ကောင် ဆိုင်ကယ်(၄)စီးထိခိုက်ပျက်စီးပြီး အကြောင်းမဲ့ဖမ်းစီးခံရသူ(၁)ဦး ရှိခဲ့သည်။

(၄)သို့ဖြစ်ပါ၍မိမိတို့လယ်ဒိုကော်ဆာအရေး ပေါ်ကူညီကယ်ဆယ်ရေး ကော်မတီမှ သက်ဆိုင်သည့်လူအဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များအားအောက်ပါအချက်များအတိုင်းထပ်မံတောင်းဆိုအပ်ပါသည်။

(က)ပြည်သူမျာအပေါ်အကြမ်းဖက်မှုကိုအားပေးအားမြှောက်ပြုနေသောမည်သည့်အဖွဲ့အစည်းလူပုဂ္ဂိုလ်များ အား ပြင်းထန်စွာရှုတ်ချပြီး အကြမ်းဖက်မှုများကို ကျူးလွန်ခြင်း အားပေးလှုံ့ဆော်နေခြင်းများကို ရပ်တန့် ရန်တောင်းဆိုပါသည်။

(ခ) စစ်ရှောင်ပြည်သူလူထုများ၏ လုံခြုံရေးနှင့်စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော လိုအပ်နေမှု များကို လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် နိုင်ငံတကာ အဖွဲ့အစည်းများအား တောင်းဆိုပါသည်။

(ဂ) ပြည်တွင်းပြည်ပမှပြည်သူလူထုများ ကိုယ်စားပြုသည့် အရပ်ဖက်အဖွဲ့အစည်းများ၊ တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ ဤကဲ့သို့ စစ်ကောင်စီ တပ်မှ ပြည်သူလူထုအပေါ်ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် အတွက် ပို၍ထိ ရောက်သောအရေးယူမှုများပြုလုပ်ရန်တောင်းဆိုပါသည်။

(၅) မိမိတို့လယ်ဒိုကော်ဆာကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် မိမိပြည်သူလူထု များနှင့် အတူပူးပေါင်းကူညီရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသဘောထား ထုတ်ပြန်အပ်ပါသည်။

**ကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ**

**လယ်ဒိုကော်ဆာ**

**ဆက်သွယ်ရန်**

**+959889050744**